# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 28 , 2023 Volume 64, Number 18

၂၈.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၀.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၀၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၇.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၄၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## မန္တလေး ပဲ၊ နှမ်းရောင်းဝယ်ရေးကုန်စည်ဒိုင် သင်္ကြန်ကာလအတွင်း တစ်ပတ်ကြာပိတ်မည်

ပဲ၊ နှမ်း အရောင်းအဝယ်ပြုလုပ်နေသည့် မန္တလေးကုန်စည်ဒိုင်ကို လာမည့်သင်္ကြန်ကာလအတွင်း တစ်ပတ်ကြာ ပိတ်ထားမည်ဖြစ်ကြောင်းသိရသည်။

ယင်းကုန်စည်ဒိုင်ကို ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ တစ်ပတ်ကြာ ပိတ်ထားမည်ဖြစ်ကာ ဧပြီ ၁၉ ရက်မှသာ ရောင်းဝယ်မှုများကို ပုံမှန်အတိုင်းပြန်လည်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်ပြုလုပ်နေသည့် လုပ်ငန်းရှင်ဦးရေမှာ ယခုမတ်လ ပထမပတ်ခန့်အထိ တစ်ရက်လျှင်လူဦးရေ ၃၀၀ ကျော်သာ ရှိခဲ့သော်လည်း မတ်လဒုတိယပတ်မှစတင်ကာ လုပ်ငန်းရှင်ဦးရေ ၅၀၀ ကျော်အထိ တိုးတက်များပြားလာကြောင်း သိရသည်။

လက်ရှိတွင် အရောင်းအဝယ်ပြုလုပ်မည့် လုပ်ငန်းရှင်များ အဆင်ပြေစေရေးအတွက် ကုန်စည်ဒိုင်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ပုံမှန်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**Source: https://t.me/sdtimedaily**

## မျှော်မှန်းထားသည့် ပြည်ပကုန်သွယ်မှုဝင်ငွေများ ကျော်လွန်ရရှိထား

လက်ရှိဘဏ္ဍာနှစ်တွင် ပြည်ပကုန်သွယ်မှုမှ ကုန်သွယ်မှုဝင်ငွေသည် မျှော်မှန်းထားသည့်ပမာဏထက် ကျော်လွန်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖော်ပြထားသည့် စာရင်းများအရ သိရသည်။

ပြည်ပတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံနှင့် သွင်းကုန်တင်သွင်းမှုမှ အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံ စုစုပေါင်း ၂၉ ဒသမ ၅ ဘီလီယံ မျှော်မှန်းထားပြီး ယခုအခါ ဧပြီလ ၁ ရက်မှ မတ်လ ၁၇ ရက်အထိ ပို့ကုန်တင်ပို့မှုမှ ၁၅ ဒသမ ၉၅ ဘီလီယံ၊ သွင်းကုန်တင်သွင်းမှုမှ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၀ ဘီလီယံ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၆၅ ဘီလီယံရရှိထားပြီး ကန်ဒေါ်လာ ၃ ဒသမ ၁၅ ဘီလီယံ ပိုမိုရှိထားခြင်းဖြစ်သည်။

၃၀ဘီလီယံနီးပါး မျှော်မှန်းထားရာမှ ကုန်သွယ်ငွေသည် ၃၂ ဘီလီယံခွဲရှိနေပြီဖြစ်သည်။ ယခုဘဏ္ဍာနှစ်အတွင်း ပို့ကုန်တင်ပို့မှုတွင် စက်မှုကုန်ချောတင်ပို့မှုနှင့် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အများဆုံးဝင်ငွေရရှိထားပြီး၊ သွင်းကုန်ကဏ္ဍတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများကို အများဆုံးတင်သွင်းထားကြောင်း ဖော်ပြထားသည့် ကုန်သွယ်မှုစာရင်းများအရ သိရသည်။

**Source: Popular News Journal**

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ကုမ္ပဏီ ၁၂၄ ခုအား ဆောက်လုပ်ရေးဝန်ကြီးဌာနက ကန်ထရိုက်လိုင်စင်များထုတ်ပေး

ဆောက်လုပ်ရေးဝန်ကြီးဌာနက ကုမ္ပဏီ ၁၂၄ ခုအား ကန်ထရိုက်လိုင်စင်များထုတ်ပေးခဲ့သည်။ အဆိုပါ ကုမ္ပဏီ ၁၂၄ ခုတွင် တည်ဆောက်ရေးလုပ်ငန်း အရည်အသွေးစစ်ဆေးရေးကုမ္ပဏီများ(QA/QC) ၂၇ ခု၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အကြံပေးဆောင်ရွက်သောကုမ္ပဏီများ(Consultant) ၂ ခု၊တည်ဆောက်ရေးလုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့်ဆောင်ရွက်လိုသော ကုမ္ပဏီများ(Construction) ၉၃ ခု၊ အဓိကတည်ဆောက်ရေးပစ္စည်းပေးသွင်းလိုသောကုမ္ပဏီများ(Trading) ၂ ခုဖြစ်ကြောင်း သိရသည်။

ယင်းအပြင် လျှောက်ထားလိုသည့် ပြည်တွင်းဆောက်လုပ်ရေး ကုမ္ပဏီသည် ပြည်တွင်းတွင် မှတ်ပုံတင်သက်တမ်း မကုန်သေးသော ကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် လာရောက် လျှောက်ထားရမည်ဖြစ်ကြောင်း၊ (က) ကုမ္ပဏီနှင့်ပတ်သက်သော အချက်အလက်များအပြည့်အစုံ၊ ( ခ ) အဆောက်အဦ ဦးစီးဌာနမှ ထုတ်ပေးသည့်ပုံစံတွင် စနစ်တကျဖြည့်စွက်ကာ တောင်းခံထားသော အချက်အလက်များ ပြည့်စုံစွာအသေးစိတ်ထည့်သွင်းရပြီး အဆောက်အဦ ဦးစီးဌာနသို့ ပြန်လည်တင်ပြလျှောက်ထားရမည်ဖြစ်ကာ လိုအပ်သည့်စာရွက်စာတမ်းများမှာ ကုမ္ပဏီနှင့်ပတ်သက်သော စာရွက်စာတမ်း အပြည့်အစုံတို့သာဖြစ်ကြောင်းသိရသည်။

**Source: Popular News Journal**

## တရုတ်ကပဲမျိုးစုံနဲ့ဆန်ကိုဦးစားပေးဝယ်ယူနေ




တရုတ်က နယ်စပ်ဂိတ်တွေ ပြန်ဖွင့်လိုက်ပြီးနောက်ပိုင်း တခြား လယ်ယာထွက်သီးနှံတွေထက် ပဲမျိုးစုံနဲ့ဆန်ကို ဦးစားပေးဝယ်ယူနေကြတယ်လို့ နယ်စပ်ကုန်သည်တွေဆီကနေ သိရပါတယ်။

"တခြားသီးနှံတွေ အရောင်းအဝယ်ဖြစ်နေတယ်ဆိုပေမယ့် သွက်လိုက်၊ အေးလိုက်ပေါ့။ အရင်လိုအခြေအနေက သိတဲ့အတိုင်း ပြန်မဖြစ်သေးဘူး။ ဒါပေမယ့် အခုနောက်ပိုင်း တရုတ်ဘက်က ပဲမျိုးစုံနဲ့ဆန်ကိုတော့ အဝယ်လိုက်နေတယ်။ ကုန်မရှိရင် ဈေးတင်ခေါ်တယ်။ အဲ့လိုမျိုးထိကိုဖြစ်နေတာ"လို့ မူဆယ်အခြေစိုက် ကုန်သည်တစ်ဦးက ဆိုပါတယ်။

အဓိကတင်ပို့နေရတဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ အားလုံးဈေးတက်နေပြီး ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက ပဲတစ်တန်ကို ကျပ် ၁၈ သိန်း၊ သိန်း ၂၀ ဝန်းကျင်အထိရှိခဲ့တာပါ။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းရွှေဟော်နယ်စပ်ဂိတ်ဘက်မှာလည်း တရုတ်ဘက်က ပဲမျိုးစုံနဲ့ ဆန်အဝယ်များတယ်လို့ ကုန်သည်တစ်ဦးက အခုလိုပြောပါတယ်။

"ကျွန်တော်တို့ ချင်းရွှေဟော်နယ်စပ်မှာဆိုရင် အဓိက ပဲမျိုးစုံနဲ့ဆန် အဝယ်လိုက်နေတယ်။ ကြံတို့၊ ပြောင်းတို့နဲ့ တခြားဟာတွေကတော့ ပုံမှန်အဝယ်ရှိတာပေါ့။ အဝယ်လိုက်ရင်တော့ ဈေးပိုရတာပေါ့။ ဘာအခက်အခဲရှိလဲဆိုရင်တော့ သူတို့ဘက်က လိုချင်ပြီဆိုရင် အားချင်းပဲ။ အဲဒါတစ်ခု အခက်အခဲရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကုန်က လိုသလောက်မရရင် တိုင်ပတ်ပြီ။ အဲဒါတစ်ခုပဲ။ အခုက ပြည်တွင်းကုန်ကလည်းရှားနေတယ်ဆိုတော့လေ။ ဈေးကောင်းနေပေမယ့် ကုန်ကရှားတော့ အခက်အခဲရှိနေတယ်။"လို့ ဆိုပါတယ်။

မြန်မာနိုင်ငံကထွက်တဲ့ ပဲမျိုးစုံကို အိန္ဒိယ၊ တရုတ်နဲ့ ပြည်ပနိုင်ငံတွေကို နယ်စပ်ဂိတ်တွေက တစ်ဆင့် တင်ပို့ရောင်းချနေသလို ပင်လယ်ရေကြောင်းကနေလည်း တင်ပို့နေပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်နဲ့ပင်လယ်ရေကြောင်းမှ ပဲမျိုးစုံတင်ပို့မှု တန်ချိန်သန်း ၂၀ ကျော်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၁၅၇၀ ကျော်ရရှိခဲ့တယ်လို့ သိရပါတယ်။ လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဖေဖော်ဝါရီ ၂၄ ရက်ထိ ပြည်ပနိုင်ငံတွေ ကို ပဲမျိုးစုံတင်ပို့ထားမှုအခြေအနေက တန်ချိန် ၁၆ သန်းကျော်ရှိပြီး အမေရိကန်ဒေါ်လာ ၁၂၃၂ သန်းကျော်ရရှိထားတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းမှာ ဖော်ပြထားပါတယ်။

**Source:** [https://t.me/htwettoe](https://t.me/htwettoe)

## ခရီးသွားလုပ်ငန်းကောင်းခြင်း၏ နောက်ဆက်တွဲ



Source: Popular News Journal

ထိုင်းနိုင်ငံတွင် တရုတ်ခရီးသွားများ များပြားလျှက်ရှိပြီး အပြန်တွင် ပြည်တွင်းထုတ်ကုန် အသီးခြောက်များ အပြိုင်အဆိုင်ဝယ်ယူသွားကြသည်ကိုတွေ့ရသည်။

ခရီးသွားလုပ်ငန်းနှင့်အတူ ယှဉ်တွဲဖွံ့ဖြိုးသော စားသောက်ကုန်လုပ်ငန်းကိုတွေ့ရမည် ဖြစ်ပြီး အစားအသောက်များကို ပြည်တွင်းအကြိုက်ပုံစံ နိုင်ငံခြားအကြိုက်ပုံစံတို့ လုပ်ဆောင်ခြင်းဖြင့် ပိုမို၍အရောင်းမြှင့်တင်နေကြသည်။

ပုံပါခရီးသွားများအများဆုံးဝယ်ယူသည်က ဒူးရင်းသီးခြောက်ဖြစ်ပြီး ထိုင်း၏ပို့ကုန်တွင်တော့ နာနတ်သီးနှင့်ဆက်စပ်သော စားသောက်ကုန်က အများဆုံး ရောင်းနေရသည်။ အာရှတွင် ထိုင်းနိုင်ငံသည် နာနတ်သီးစည်သွတ်ဘူးများကို ထိပ်တန်းတင်ပို့သည့် နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် တန်ချိန် ၄၀၀ ကျော် တင်ပို့နေသည်။

စိုက်ပျိုးရေးဆိုင်ရာ သွင်းကုန်များကို ဖြေလျှော့ပေးသည့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် (FTA)ကလည်း ထိုင်းစားသောက်ကုန်များအပေါ် အခွန်လျှော့ချပေးထားသည်။

သစ်သီးခြောက်တင်ပို့မှု ထိပ်တန်းနိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်တို့ အစဉ်လိုက်ရှိနေကြသည်။

(Volza ၏ Thailand Export data များကို အခြေခံထားခြင်းဖြစ်သည်)

**Source: Popular News Journal**

## ရုရှားမှခရီးသွားများ မြန်မာကိုလာရောက်ရန် စိတ်ဝင်စားနေသဖြင့် ခရီးသွားကုမ္ပဏီများက ကြိုတင်လာရောက် လေ့လာဖို့စီစဉ်နေ

ရုရှားနိုင်ငံမှ ခရီးသွားဧည့်သည်များ မြန်မာပြည်ကို လာရောက်ရန်စိတ်ဝင်စားမှုများရှိနေကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးနောင်နောင်းဟန်က ပြောသည်။

“ဟိုဘက်မှာခရီးသွားကုမ္ပဏီနဲ့ရော ခရီးသွားပြည်သူအနေနဲ့ရော စိတ်ဝင်စားမှုတွေမြင့်တက်နေတယ်။ မြန်မာနိုင်ငံကိုလာဖို့အတွက် သူတို့တွေတော်တော်လေးစိတ်ဝင်စားကြတယ်။ ဘယ်လိုလာရမလဲ၊ ဘယ်လေကြောင်းလိုင်းတွေကဆွဲနေပြီလဲ၊ ဘယ်နေရာတွေသွားလို့ရပြီလဲ အဒီလိုမေးခွန်းတွေအမေးများပါတယ်။ လာဖို့အတွက် အချို့ခရီးသွားကုမ္ပဏီတွေအနေနဲ့ ကျတော့လည်း မြန်မာခရီးစဉ်တွေကို ရောင်းချပေးဖို့အတွက် သူတို့စိတ်ဝင်စားပါတယ်။ မြန်မာပြည်ကို ခရီးသည်တွေ မရောင်းခင်ပေါ့နော် အရင်ဆုံးကြိုတင်ပြီးတော့ ခရီးသွားကုမ္ပဏီတွေကိုယ်တိုင် လာရောက်ပြီးတော့လေ့လာချင်ပါတယ်။ ဒါတွေကို စီစဉ်ပေးဖို့အတွက် တောင်းဆိုတာတွေရှိပါတယ်”ဟု ၎င်းကပြောသည်။

ရုရှားနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက် လည်ပတ်စေရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှစတင်ပြီး ရုရှားခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့် တစ်နှစ်ခွင့်ပြုထားပြီး အလားတူ မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံကြား တိုက်ရိုက်လေကြောင်းပျံသန်းရန် စေ့စပ်ဆွေးနွေးနေကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံသို့ ရုရှားခရီးသွားများဝင်ရောက်လာပါက ပြည်တွင်းသို့ တတိယအများဆုံးလာရောက်လည်ပတ်သည့် နိုင်ငံဖြစ်လာနိုင်ကြောင်းသိရသည်။

**Source: Popular News Journal**

## ပြည်တွင်းဆန်ဈေးမြင့်တက်မှုကြောင့် ပြည်ပဆန်တင်ပို့မှုအခက်အခဲရှိဟုဆို

ပြည်တွင်း၌ ဆန်ဈေးမြင့်တက်မှုကြောင့် ပြည်ပဆန်တင်ပို့မှုအခက်အခဲရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။

"ကျွန်တော်တို့က နှစ်ခုစလုံးလုပ်ပါတယ်။ Over sea ထက်စာရင် နယ်စပ်ကပို့တာများတယ်။ အရင်တုန်းကတော့ နယ်စပ်က အခွင့်အရေးရတဲ့သဘောပေါ့။ ၁၀၀ ရာခိုင်နှုန်းရတယ်။ယွမ်နဲ့ဆိုရင် ၁၀၀ ရာခိုင်နှုန်းရတယ်။ ယိုးဒယားနယ်စပ်ရော တရုတ်နယ်စပ်ရောပေါ့နော်။ အခုကတော့ ဆန်ဈေးနှုန်းတက်လာတာက တစ်ပိုင်းပေါ့နော်။ အခုကတော့ အားလုံး ၆၅-၃၅



Source: Popular News Journal

ဖြစ်သွားတာပေါ့။ ၆၅-၃၅ ဆိုရင်ဘယ်လိုပဲပြောပြော cost ပိုကျသွားတာပေါ့။ အရင်တုန်းက ၁၀၀ ရာခိုင်နှုန်းနဲ့တွက်လိုက်ရင်တော့ ရမယ့်ဆန်ဈေးနဲ့ အခုဟာ ကွာသွားတာပေါ့။ လုပ်ရတော့ခက်သွားတာပေါ့။ Over sea လည်းမကောင်းဘူး။ ပြည်တွင်းဆန်ဈေး တတ်သွားတဲ့အတွက် လုပ်ရကိုင်ရခက်သွားတာပေါ့"ဟု ၎င်းကဆိုသည်။

ပင်လယ်ရေကြောင်းမှတစ်ဆင့် ဥရောပနိုင်ငံများသို့ တင်ပို့မှုများရှိသလို အာရှနိုင်ငံများသို့လည်း တင်ပို့ေနပြီး နိုင်ငံပေါင်း ၅၀ သို့တင်ပို့နေကြောင်း သိရသည်။ ပြည်တွင်း၌ ဆန်ဈေးနှင့် စပါးဈေးမြင့်တက်နေမှုကြောင့် Quota စနစ်ဖြင့် တစ်လလျှင် ဆန်တန်ချိန် တစ်သိန်းခွဲခန့်သာ တင်ပို့ရမည်ဖြစ်သဖြင့် ဆန်တင်ပို့ရန် လိုင်စင်အသစ်လျှောက်ထားမှု ရရှိရန်မလွယ်ကူဘဲ လိုင်စင်အဟောင်းများကိုလည်း စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၁၁ လအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၀၉၉ သန်းတင်ပို့နိုင်ခဲ့ပြီး တင်ပို့မှုမှဝင်ငွေ ဒေါ်လာ ၇၈၃ သန်းရရှိခဲ့ကြောင်း ဖော်ပြထားသည့်စာရင်းများအရ သိရသည်။

**Source: Popular News Journal**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်( ၁၆-၃-၂၀၂၃ မှ ၂၃-၃-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆင်ဖြူကျွန်း A1 ကျပ် ၁၅၀၀၊ ဆင်ဖြူကျွန်း OK ကျပ် ၁၈၀၀၊ ဆင်ဖြူကျွန်း S1 ကျပ် ၁၈၀၀၊ ဆင်ဖြူကျွန်း S2 ကျပ် ၁၃၀၀ ၊ဆင်ဖြူကျွန်းS3 ကျပ် ၁၃၀၀ နှင့် ဗန်းမော်အာလူး ကျပ် ၁၈၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆင်ဖြူကျွန်း OK ကျပ် ၅၀ နှင့် ဆင်ဖြူကျွန်း S1 ကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပြီး ဗန်းမော်အာလူး ကျပ် ၅၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၅၅စီး( ၃၃၀၀၀၀ ပိဿာ) ဝင်ရောက် ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၆၀ စီး( ၃၆၀၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၅ စီး ( ၃၀၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်သားမြို့ နှင့် ဆိပ်ဖြူမြို့ တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ မြစ်သားရှယ်(သစ်) ကျပ် ၁၆၅၀ ၊ မြစ်သားလတ်ကြီး ကျပ် ၁၉၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၁၈၀၀ ၊ မြစ်သားလတ်ချော ကျပ် ၁၄၀၀ ၊ ဆိပ်ဖြူရှယ်(သစ်) ကျပ် ၁၁၂၅ ၊ဆိပ်ဖြူလတ်ကြီး ကျပ် ၁၂၂၅ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၂၅ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၁၀၂၅ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြစ်သားရှယ်(သစ်) ကျပ် ၂၅၀ ၊ မြစ်သားလတ်ကြီး ကျပ် ၂၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၂၀၀ ၊ မြစ်သားလတ်ချော ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၅ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူရှယ်(သစ်) ကျပ် ၂၅ နှင့် ဆိပ်ဖြူလတ်ကြီး ကျပ် ၂၅ အသီးသီးဈေးကျ ဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၃၉ (၁၄၃၄၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၂၁ စီး (၁၃၂၆၀၀၀ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၁၈ စီး(၁၀၈၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၄၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၄၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၃၅၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၃၆၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၃၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၉၀၀ (၈၇၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး၊ ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၃၀၀ (၁၂၉၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၄၀၀ (၄၂၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: Domestic(Ygn) MITC**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 28th Mar. 2022

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,001 (Shares) | 25,353,250 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,200 | 8,200 | 8,100 | 609 | 4,933,400 | 33,109,694 | 268,189 |
| MTSH | 00002 | 3,000 | -50 | -1.64% | 3,100 | 3,100 | 3,000 | 3,007 | 9,060,700 | 38,929,150 | 116,788 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 150 | 1,095,000 | 10,400,986 | 75,927 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,550 | 1,550 | 1,500 | 5,839 | 8,840,250 | 29,664,613 | 44,497 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 212 | 540,600 | 12,823,224 | 32,699 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,800 | 4,900 | 4,800 | 184 | 883,300 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 28th Mar. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.61 | -1.95 | -0.53% | 369.54 | 369.54 | 364.02 | 10,001 | 25,353,250 | 7 | 642,478 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 28th Mar.2022

| Trading Volume | Trading Value |
|---|---|
| 10,001 (Shares) | 25,353,250 (MMK) |

## Main Board

As of 1:00 pm, 28th Mar. 2022

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,001 (Shares) | 25,353,250 (MMK) |

| MYANPIX | 364.61 ▼ 1.95 |
|---|---|
| Total Volume (shares) | 10,001 |
| Total Value (MMK) | 25 mil |
| Listed Company | 7 |
| Market Cap. (MMK) | 642,478 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 0 |
| MTSH | 00002 | 3,000 | ▼ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,500 | ▼ 50 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |